
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
လေးဘုံအပါယ်

# အောင်မြတ်သာနှင့် လေးဘုံအပါယ်

မိုးအကုန် ဆောင်းအကူး ရာသီဖြစ်တဲ့ အတွက် ထီပလုံးရွာ အနောက်ဘက် ထန်းတောထဲမှာ လူတွေ စည်ကား နေကြတယ်။

"ချက်စူရေ ဟိုဘက်ဝိုင်းက ထန်းရည်တစ်မြူတဲ့ မြန်မြန် သွားချပေး လိုက်"

ထန်းတောပိုင်ရှင် ကိုတာတီးလည်း လက်မလည်အောင် ရောင်းနေ ရတဲ့ အတွက် မျက်နှာကြီးက မှိုဂုရသလို စပ်ဖြဲဖြဲ ဖြစ်နေတဲ့ အချိန် ...

"ကိုတာတီး လယ်ကြွက်ကြော် တစ်ပွဲ ထပ်ပေးဗျို့"

ထန်းပင်အောက် ကနေ လှမ်းအော်လိုက်တဲ့ အသံကြောင့် ကိုတာ တီး ကောက်ရိုးတဲထဲ ဝင်ပြီး ဟင်းအိုးကို လှန်ကြည့် လိုက်တယ်။

"ဟာ အဲဒါမှ ပြဿနာပဲ လယ်ကြွက်ကြော်တွေ အခုတလော ရောင်းအား ကောင်းနေပါလား အခုလည်း မနက်ကတည်းက တစ်မေး တည်း မေးနေကြတဲ့ ကြွက်ကြော် ဟင်း ... ညနေကျရင် ဘိုကံဆီသွား ပြီး အကူအညီ တောင်းရတော့ မှာ ပဲ"

တစ်ယောက်တည်း ညည်းညူရင်း တဲအပြင်သို့ ထွက်ခဲ့လိုက်တယ်။

"ဒီနေ့တော့ လယ်ကြွက်ကြော် ကုန်သွားပြီဗျို့ စားချင်ရင် မနက်ဖြန်

ချင်း ကြက်သွန်ဖြူ ကြက်သွန်နီနဲ့ သေချာ ကြော်ထား ပေးပ့ါမယ် မနက်ဖြန် ဒီလို မကုန်စေရဘူး စိတ်ချ"

ကိုတာတီးလည်း ညနေ ထန်းရည်ဆိုင် ပိတ်တော့ ဘိုကံရှိရာဆီသို့ ထွက်လာ ခဲ့လိုက်တယ်။

"ကိုတာတီး ဘယ်တုန်းဗျ ဒီနေ့ ထန်းရည် ရောင်းကောင်းတယ် ကြားတယ်နော် "

လာနေကျ ဖောက်သည် ဖြစ်တဲ့ ခွေးပုရဲ့ စကားကြောင့် ကိုတာတီး ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး ...

"အေးပေ့ါကွ ဒီအချိန်က ရောင်းအား ကောင်းတယ်လေ မင်းင့ါဆိုင် မလာတာ ကြာနေပြီနော်"

"လာချင်တာပေ့ါဗျ ကျုပ်မှာ အခုတလော ဝင်ငွေနည်းနေတာ ဒါ ကြောင့် မလာတာပါ ပိုက်ဆံရတာနဲ့ လာခဲ့မယ်"

"အေး နည်းနည်းပါးပါးဆို အကြွေးနဲ့ ပေးထားပါမယ်ကွ ဒါနဲ့ ဘိုကံ တစ်ယောက်ကို တွေ့မိသေးလား"

"ကိုဘိုကံလား နေ့လယ်ကတော့ တီကောင်တွေ တူးပြီး ငါးသွားဖမ်း မယ် ပြောတာပဲ ရွာနောက် အင်းဘက် သွားလှည့်ကြည့်ပါလား"

"အေးအေး ငါသွားကြည့် လိုက်ဦးမယ် ကျေးဇူးပဲဟေ့"

ကိုတာတီး ရွာအနောက်ဘက် အင်းဆီ ရောက်တော့ မလှမ်းမကမ်း မှာ ငါးထိုင်မျှားနေတဲ့ ဘိုကံကို မြင်လိုက်ရတယ်။

"ဟေ့ ဘိုကံ ငါးတွေ အတော်ရနေ ပြီလား"

"ကိုတာတီး လာထိုင်လေ ငါးတွေကတော့ အစုံပဲဗျို့ ဟင်းစားလိုချင်

တစ်ကောင် နှစ်ကောင် ယူသွားလေ"

"တော်ပြီ တော်ပြီ အခုလာတာ ငါးလာယူတာ မဟုတ်ဘူး မနက်ဖြန် လယ်ကွက်တွေ ရသလောက် ဖမ်းပေးစမ်းပါကွာ ငါ့ထန်းတောထဲ လာတဲ့ လူတွေက လယ်ကွက်ပဲ မေးနေကြလို့ "

"ဘယ်လောက် ယူမလို့ လဲ"

"ရသလောက်ကွာ ဘယ်လောက်ရရ အကုန်ယူမယ် ဈေးလည်း မနည်းစေရဘူး"

"အဲဒါဆို စိတ်ချလိုက်တော့ မနက် အာရုံတက်ချိန် ခင်ဗျားဆီ လာပို့ပေးမယ်"

"အဲဒါဆိုလည်း ငါသွားပြီ ဘိုကံရေ"

***

ညအချိန်က တစ်ဖြည်းဖြည်း နက်လာတာနဲ့ အမျှ လယ်ကွင်းထဲမှာ ရှိတဲ့ ပိုးကောင် ပိုးမွှားတို့ ရဲ့ အော်မြည်သံတွေက ကျယ်သည် ထက် ကျယ်လာခဲ့တယ်။

"ဝုတ် ဝုတ် ဝုတ် ဂီး ဂီး ဂရူး ဂရူး ဂီး"

" နက်ကျော် ဟိုဘက်မှာ တစ်ကောင် လိုက်ကိုက်စမ်း ဖြူမ နင်ဘက်မှာ တစ်ကောင် ပြေးနေပြီ"

ကြွက်လိုက် ခွေးနှစ်ကောင်နဲ့ အလုပ်ရှုပ်နေတဲ့ ဘိုကံက လယ်ကြွက်

တွေကို မျက်စိလျှင်လျှင်နဲ့ လိုက်ကြည့်ရင်း လယ်ကွက်တွေ ထည့်ထားတဲ့ ပလိုင်းအိတ်ကို လက်နှင့် အသာ စမ်းလိုက်တယ်။

"နက်ကျော်နဲ့ ဖြူမရေ နောက်ထပ် ဆယ်ကောင်လောက် ရရင် တော်ပြီပေါ့ လုပ်ထားစမ်း"

ခွေးနှစ်ကောင်က သခင်စကားကို နားလည်တဲ့ အလား အားကြိုးမာန်တက် ပြေးလွှား နေကြတယ်။

နောက်တစ်နေ့ မနက်မှာ တော့ ကိုတာတီးရဲ့ လယ်တောထဲမှာ လယ်ကွက်ကြော် မြည်းလိုက် ထန်းရည်လေး သောက်လိုက်နဲ့ ဇရက်မင်းစည်းစိမ်ခံစားနေကြသူအများ အပြားကိုတွေ့မြင်ကြရတော့တယ်။

***